# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

## လျှောက်လွှာခေါ်ယူခြင်း

### ကြော်ငြာစာအမှတ်၊ ၄ / ၂၀၂၃

### ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

### ( ၂၀၂၃ ခုနှစ်၊ မေ လ ၉ ရက် )

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် စက်မှုဝန်ကြီးဌာနတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် **Online** စနစ်ဖြင့် **e-Recruitment and Selection System (e-RSS) (UCSB e-RSS Mobile Application နှင့် UCSB e-RSS Web Based)** တို့ကို အသုံးပြုကာ **၄- ၆ - ၂၀၂၃** ရက်နေ့နောက်ဆုံးထား၍ ဝင်ရောက်လျှောက်ထားနိုင်ပါသည်-

**(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**

| **ရာထူး** | **လစ်လပ်** | **ပညာအရည်အချင်း** |
|---|---|---|
| ဦးစီးအရာရှိ | ၁၅ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ[Any Graduate] **[ ပြည်တွင်း / ပြည်ပသာသနာ့တက္ကသိုလ်မှ ဘွဲ့များလက်မခံပါ။]** |

**(ခ) စက်မှုဝန်ကြီးဌာန**

| **ဌာန** | **ရာထူး** | **လစ်လပ်** | **ပညာအရည်အချင်း** |
|---|---|---|---|
| အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း | အလုပ်ရုံခွဲမှူး **(အမျိုးသား)** | ၂ နေရာ | အင်ဂျင်နီယာဘွဲ့(သတ္တုဗေဒ) [B.E(Metallurgy)] |
| | | ၂ နေရာ | အင်ဂျင်နီယာဘွဲ့(စက်မှု) [B.E(Mechanical)] |
| | | ၁ နေရာ | အင်ဂျင်နီယာဘွဲ့(မက္ကာထရောနစ်/ စက်မှုအီလက်ထရောနစ်) [B.E(Mechatronic)] |

**လစ်လပ်** **ပညာအရည်အချင်း**

၁ နေရာ အင်ဂျင်နီယာဘွဲ့(ဓာတု)
[B.E(Chemical)]

၂ နေရာ အင်ဂျင်နီယာဘွဲ့(လျှပ်စစ်စွမ်းအား)
[B.E(EP)]

၂ နေရာ အင်ဂျင်နီယာဘွဲ့(အီလက်ထရောနစ်)
[B.E(EC)]

၂။ လျှောက်ထားသူသည် –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) **၄ – ၆ – ၂၀၂၃ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်အသက် ၃၅ နှစ် (ဝန်ထမ်း ဖြစ်ပါက အသက် ၄၀ နှစ်) ထက်မကျော်လွန်သူဖြစ်ရမည်၊**

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာတင်သွင်းလိုသူများသည် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် မိမိတို့နှင့်သက်ဆိုင်သော အချက်အလက်များကို ဖြည့်သွင်းကာအချိန်မီ လျှောက်ထားရမည်ဖြစ်ပါသည်။ လျှောက်ထားသူများ အနေဖြင့် UCSB e-RSS Mobile Application ကို အသုံးပြု၍ Google Play Store နှင့် Apple Store တို့မှတစ်ဆင့် Download ရယူ၍ အသုံးပြုရန် (သို့မဟုတ်) UCSB e-RSS Web Based အသုံးပြု၍ e-recruitment .ucsb.gov.mm သို့ ဝင်ရောက်ကာ မှတ်ပုံတင်ပြုလုပ်ပြီး စနစ်တွင် ကိုယ်ပိုင် Account တစ်ခုတည်ဆောက်ရပါမည်။မှတ်ပုံတင်ပြုလုပ်ရန်အတွက် လျှောက်ထားသူ၏ကိုယ်ပိုင် e-mail ကို အသုံးပြုရမည်ဖြစ်ပါသည်။အသုံးပြုရာတွင်မြန်မာယူနီကုဒ် (ပြည်ထောင်စုစာလုံး Pyidaungsu Font) တစ်မျိုးတည်းကိုသာ အသုံးပြုရပါမည်။အသုံးပြုနည်းအသေးစိတ်ကို User Guide အား Download ရယူ၍ ဖတ်ရှုလေ့လာကာ စနစ်အတွင်းသို့ ဝင်ရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ **User Guide** နှင့် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်တို့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ **Website –www. ucsb. gov.mm , Web Portal , Facebook Pageနှင့်Myanmar National Web Portal တို့တွင်လည်း**ဖော်ပြပေးထားပြီး တိုင်းဒေသကြီး/

ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ဝယ်ယူ ဖတ်ရှုလေ့လာနိုင်ပါသည်။ **လျှောက်လွှာတွင်** ဖော်ပြရမည့် အချက်များ၊ ပူးတွဲတင်ပြရမည့် စာရွက် စာတမ်းမိတ္တူများ၊ ဝင်ကြေးငွေ ၅၀၀၀/- ပေးသွင်းရမည့် နည်းလမ်း၊ ရေးဖြေစာမေးပွဲစစ်ဆေးခြင်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းတို့အတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၅။ လျှောက်ထားသူများအနေဖြင့် ကြော်ငြာစာအမှတ်(၃/၂၀၂၃)၌ ရာထူး(၂)မျိုးလျှောက်ထားခဲ့သူ ဖြစ်ပါက ကြော်ငြာပါ ဦးစီးအရာရှိ/ အလုပ်ရုံခွဲမှူး**(အမျိုးသား)**ရာထူး (၂၅)နေရာအတွက် ထပ်မံ လျှောက်ထားရန် ခွင့်မပြုတော့ပါကြောင်း၊ ရာထူး(၁)မျိုးလျှောက်ထားခဲ့သူသာ ကြော်ငြာပါရာထူး အတွက်ထပ်မံလျှောက်ထားရမည်ဖြစ်ပါကြောင်းနှင့် ကြော်ငြာစာအမှတ်(၄/၂၀၂၃)ကို လျှောက်ထား လိုပါက **e-Recruitment and Selection System (e-RSS)** စနစ်အတွင်းတွင် ကြော်ငြာစာ အမှတ်(၃/၂၀၂၃)၏ နောက်ဆက်တွဲအနေဖြင့် ရှာဖွေ၍ ဝင်ရောက်လျှောက်ထားနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။ ရေးဖြေစာမေးပွဲ(၁)ကြိမ်လျှင် ကြော်ငြာပါ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း များရှိလစ်လပ်ရာထူး ၂ မျိုးအထိသာ လျှောက်ထားခွင့်ရှိပြီး လျှောက်လွှာ၌ **ပထမဦးစားပေးနှင့် ဒုတိယဦးစားပေးဟု ဖော်ပြ၍ လျှောက်ထားရမည်ဖြစ်ပြီး ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀၀၀/- (ကျပ်ငါးထောင်တိတိ)ကို သီးခြားစီ ပေးသွင်း၍ ပေးသွင်းထားသည့် ချလန်(၂)စောင်ဖြင့် ပူးတွဲလျှောက်ထားရမည်**ဖြစ်ပါသည်။ ကြော်ငြာပါရာထူးအတွက် ရေးဖြေစာမေးပွဲကို ကြော်ငြာစာ အမှတ်(၃/၂၀၂၃)တွင် ဖော်ပြကြေညာထားသည့် ရေးဖြေစာမေးပွဲနေ့ရက်အတိုင်း တစ်ပြိုင်တည်း ကျင်းပပြုလုပ်စစ်ဆေးမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၆။ **ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေပေးသွင်းရာတွင် Online Banking (သို့မဟုတ်) Manual နည်းလမ်း(၂)မျိုးဖြင့် ပေးသွင်းနိုင်ပါသည်။ Online Banking စနစ်ဖြင့်ပေးသွင်းရာတွင် CB Pay, Master , MPU , JCB , VISA payment method (၅)မျိုးဖြင့် ပေးသွင်းနိုင်ပါသည်။**

၇။ **လက်ရှိနိုင်ငံ့ဝန်ထမ်းများသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ခေါ်ယူသော ပြန်တမ်းဝင် အရာရှိအဆင့်စတင်ခန့် လစ်လပ်ရာထူးနေရာများကို ဤအဖွဲ့၏ ၃၀-၁-၂၀၂၃ ရက်စွဲပါအမိန့်**

**ကြော်ငြာစာအမှတ်၊(၈/၂၀၂၃)ဖြင့်ထုတ်ပြန်ထားသော နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၁၄ နည်းဥပဒေခွဲ(ခ)နှင့်အညီ ဝင်ရောက်လျှောက်ထားဖြေဆိုနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။ သို့ရာတွင် လျှောက်ထားသူနိုင်ငံ့ဝန်ထမ်းများအနေဖြင့် လျှောက်လွှာမိတ္တူ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနအကြီးအကဲထံသို့ အသိပေးတင်ပြထားရမည်။**

၈။ **လျှောက်ထားသူများသည် Online မှ လျှောက်လွှာတင်သွင်းစဉ်ကပင် လျှောက်လွှာနှင့်အတူ ချလန်၊ ဘွဲ့လက်မှတ် ၊ ဘွဲ့နောက်ဆုံးနှစ်အမှတ်စာရင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားစသည့် စာရွက်စာတမ်းမိတ္တူများ ပူးတွဲတင်ပြရမည်။သတ်မှတ်စာရွက်စာတမ်းမိတ္တူမပါရှိသူများ၊ လျှောက်လွှာပိတ်ရက်ကျော်လွန်ပြီးမှ စာမေးပွဲဝင်ကြေးငွေပေးသွင်းထားသူများ၊ လျှောက်လွှာပိတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းသူများကို စနစ်မှ အလိုအလျောက် လက်ခံပေးမည်မဟုတ်ပါကြောင်းနှင့် Manual ဖြင့်** ပေးပို့သည့် လျှောက်လွှာများကို (**လုံးဝ**) လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့တို့တွင် စာစစ်ဌာန(၅)ခုဖြင့် တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည့်အတွက် စာစစ်ဌာန(၅)ခုအနက် မိမိတို့ဖြေဆိုမည့် စာစစ်ဌာန(၁)ခုကို ရွေးချယ်ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ဖြေဆိုခွင့်ပြုမည်ဖြစ်ပါကြောင်းနှင့်အခြားစာစစ်ဌာနများသို့ ပြောင်းရွှေ့ဖြေဆိုခွင့်ပြုမည်မဟုတ်ပါကြောင်းအသိပေးဖော်ပြအပ်ပါသည်။

၁၀။ **ရေးဖြေစာမေးပွဲစစ်ဆေးခြင်းအတွက် ဖြေဆိုခွင့်ရရှိသူများသည်** သက်ဆိုင်ရာစာစစ်ဌာနအလိုက်ဖြေဆိုရမည့်ကျောင်း၊စာဖြေခန်းတို့ကိုခုံအမှတ်စာရင်းနှင့်အတူ **ယှဉ်တွဲဖော်ပြကာ ၃၀-၆- ၂၀၂၃ ရက်နေ့မှစတင်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website, Web Portal , Facebook Page နှင့် Myanmar National Web Portal တို့တွင် ထုတ်ပြန်ကြေညာပေးထားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၆ – ၇ – ၂၀၂၃ နှင့် ၇ – ၇ –၂၀၂၃ ရက်နေ့တို့တွင် နေပြည်တော်နှင့် စာစစ်ဌာနတည်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ထုတ်ပေးမည်ဖြစ်ပါသည်။**

၁၁။ ရေးဖြေစာမေးပွဲကို ၈ – ၇ – ၂၀၂၃ ရက် (စနေနေ့)တွင် ၀၉ : ၀၀ နာရီ မှ ၁၁ : ၀၀ နာရီအထိ မြန်မာစာနှင့် ၁၃:၀၀နာရီမှ ၁၅:၀၀နာရီအထိ အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း၊

၉-၇-၂၀၂၃ ရက် (တနင်္ဂနွေနေ့)တွင် ၀၉:၀၀နာရီမှ ၁၁:၀၀နာရီအထိ သုတရေးရာဘာသာရပ်ကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပါသည်။

၁၂။ ရေးဖြေအောင်မြင်သူများ၏အမည်စာရင်း၊ စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးမည့်နေ့ရက်နှင့် အချိန်တို့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ **Website, Web Portal , Facebook Page နှင့် Myanmar National Web Portal** တို့တွင် ထုတ်ပြန်ကြေညာပေးထားမည်ဖြစ်ပါသည်။

၁၃။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၀၅၂ ၊ ၀၆၇-၃၄၀၉၄၃၀ ၊ ၀၉-၄၂၄၄၀၈၉၅၄ ၊ ၀၉-၄၂၀၇၀၆၆၀၅ ၊ ၀၉-၄၂၀၇၀၆၆၀၆ ၊ ၀၉-၇၉၇၇၂၇၆၉၆ ၊ ၀၉-၄၄၁၉၃၇၃၄၃ နှင့် ၀၉-၂၆၂၅၀၂၉၈၈ )သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၄။ လျှောက်ထားသူများအနေဖြင့် ကြော်ငြာပါရာထူးတွင် တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ သီးခြားစည်းကမ်းချက်များရှိသည့် ဌာနများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်များအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ **Website** ဖြစ်သည့် **www.ucsb.gov.mm , Web Portal , Facebook Page နှင့် Myanmar National Web Portal** တို့တွင်လည်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။